ミャンマー語版

(မြန်မာဘာသာ)

# ဂတ်ကုရှူးအင်းတက္ကသိုလ် ဝါကုဝါကု တိုရှိမ ဂျပန်ဘာသာစကား စာသင်ခန်း

ဂျပန်စကားပြောသူတွေနဲ့မိတ်ဆွေဖြစ်ချင်တဲ့အခါ ၊ ဆေးဝယ်ချင်တဲ့ အခါ၊ ကိုယ့်ပစ္စည်း ပြုတ်ကျ ပျောက်ကျသွားတဲ့အခါ ဘယ်လိုလုပ်မလဲ၊ ကျွန်ုပ်တို့နဲ့အတူ ဂျပန်ဘာသာစကား လေ့လာပြီး ဂျပန်မှာပျော်ပျော်ရွှင်ရွှင် နေကြရအောင်။

**ဦးစီးတာဝန်ခံ - ဂတ်ကုရှူးအင်းတက္ကသိုလ် ။    ပံ့ပိုးသူ - တိုရှိမမြို့နယ်**

ဤအစီအစဉ်သည် ယဉ်ကျေးမှုအေဂျင်စီက ၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံခြားသားအဖြစ် နေထိုင်နေသူများအတွက် ဂျပန်ဘာသာစကား သင်ကြားပေးရေးအစီအစဉ်ဖြစ်သကဲ့သို့ ဂတ်ကုရှူးအင်းတက္ကသိုလ် မဟာဒီဇိုင်း ၂၀၃၉ ၏ အစီအစဉ်တစ်စိတ်တစ်ပိုင်းအဖြစ် တိုရှိမမြို့နယ်တွင်နေထိုင်သောနိုင်ငံခြားသားများအား ဂျပန်ဘာသာစကား သင်ကြားပေးခြင်းနှင့် လူမှုအဖွဲ့အစည်းဝင်အဖြစ်ဖြင့် ဂျပန်လူမှုအသိုက်အဝန်းတွင် နေထိုင်နိုင်ရေးအတွက် ဂျပန်၏လူနေမှုဘဝနှင့် ယဉ်ကျေးမှုတို့ကို လေ့လာနိုင်သည့် အခွင့်အလမ်းကိုပေးသည့် အစီအစဉ်ဖြစ်ပါသည်။

**သင်ကြားပေးမည့်သင်တန်းကို ၂ မျိုး ခွဲထားပါသည်**

| | |
|---|---|
| ဝါကုဝါကု အတန်း  (စုစုပေါင်း ၁၀ ကြိမ်)<br>(wakuwaku class) | ဂျပန်ဘာသာစကားကို ပထမဦးဆုံးအဖြစ် လေ့လာသင်ယူသူများအတွက်  ကာလတို အလေးပေးအတန်း |
| ဂွန်းဂွန်း အတန်း  (စုစုပေါင်း ၁၇ ကြိမ်)<br>(gungun class) | ဂျပန်ဘာသာစကားကို အနည်းအကျဉ်း လေ့လာသင်ယူဖူးသူ၊ ဝါကုဝါကုအတန်းတွင် လေ့လာသင်ယူဖူးသူများအတွက် စနေနေ့အတန်း |

**တက်ရောက်နိုင်သူများ -** အလုပ်ကြောင့်၊ ကလေးပြုစုစောင့်ရှောက်မှုကြောင့် အလုပ်များပြီး၊ မလေ့လာမသင်ယူဖြစ်ခဲ့သူ၊

- တိုရှိမမြို့နယ်တွင်း ၊ တိုရှိမမြို့နယ်အနီးတဝိုက်တွင် နေထိုင်သူ ၊ အလုပ်လုပ်သူ ၊ ကျောင်းတက်သူ၊
- အသက် ၁၆ နှစ် အထက်ရှိသူ ၊
- သင်ကြားမှုအကြိမ်တိုင်း တက်ရောက်နိုင်သူ ၊

သင်တန်းစရိတ် **-** အခမဲ့

စာရွက်စာတမ်းကြေး ယန်း ၁၀၀၀

နောက်ကျောစာမျက်နှာပါ(လျှောက်လွှာ)ကို ဖြည့်စွက်ရေးသား၍ ကြိုတင်လျှောက်ပါ



**မှတ်ချက် -** ကလေးနှင့်အတူ လာနိုင်ပါသည် (၃ နှစ်မှ မူလတန်း ၃ နှစ်အထိ)

# တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

- ဆရာသည် ဂတ်ကုရှူးအင်းတက္ကသိုလ်တွင် ဂျပန်ဘာသာစကားသင်ကြားမှုကို လေ့လာခဲ့သူ ၊ သင်ယူနေသူဖြစ်သည်။

**မူရင်းပြဌာန်းစာအုပ်ဖြင့်လေ့လာသင်ယူရပါမည်။**









**ဂတ်ကုရှူးအင်းတက္ကသိုလ် ဝါကု ဝါကု တိုရှိမ ဂျပန်ဘာသာစကားသင်တန်း လျှောက်ထားရန် Google ပုံစံ**

**https://forms.gle/aBat54K4tt6F6r6N6**

**စုံစမ်းရန်**


✉: **waku2.nihongo@gmail.com**
သုံးစွဲနိုင်သည့်ဘာသာစကား - ဂျပန်၊ အင်္ဂလိပ်၊ တရုတ်၊ ကိုရီးယား၊ အခြားစကား

☎: **03-5992-1024**
ဆက်သွယ်နိုင်သည့်အချိန်နှင့် ဘာသာစကား - ရုံးဖွင့်ရက် ၁၀း၀၀-၁၅း၀၀၊ ဂျပန်

**လိပ်စာ** -Tokyo, Toshima Ku, Mejiro 1-5-1 Chuo Kyoiku Kenkyuto 2F Gakushuin Daigaku Kokusai Center





**HP:https://www.univ.gakushuin.ac.jp/global/cie/waku2nihongo.html**

**Facebook:https://www.facebook.com/waku2.nihongo**

**【ဝါကုဝါကု အတန်း】**(စုစုပေါင်း၁၀ကြိမ်)

**wakuwaku class** ဂျပန်ဘာသာစကားကို ပထမဦးဆုံး လေ့လာသင်ယူသူများအတွက် ကာလတို အလေးပေးအတန်း ဖြစ်သည်။

- လွယ်ကူစွာမိတ်ဆက်ခြင်း၊ စူပါမားကက်၊ ဈေးဆိုင်တွင် ဈေးဝယ်ခြင်း၊ အုပ်ချုပ်ရေးရုံးတွင် လုပ်ကိုင်စရာများ၊ နေထိုင်မှုဘဝအတွက် အနည်းဆုံးသိရှိထားရမည့် ဂျပန်စကားကို ပြောဆိုနိုင်သည်အထိ ဖြစ်လာမည်။
- ဟီရာဂါနာ၊ ခါတာခါနာ ကို ဖတ်လာနိုင်မည်။
- ကိုယ့်အမည်ကို ခါတာခါနာ ဖြင့် ရေးလာနိုင်မည်။

**သင်တန်းကာလ** - ၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၂ ရက် (တနင်္လာ) မှ
စက်တင်ဘာလ ၂ ရက် (သောကြာ) အထိ
ရုံးဖွင့်ရက် ၉း၃၀ နာရီ - ၁၂း၃၀ နာရီ

**နေရာ** - ဂတ်ကုရှူးအင်းတက္ကသိုလ်
Nishi အဆောင်အမှတ် ၅၊ အခန်း ၃၀၁

| にちようび<br>တနင်္ဂနွေ | げつようび<br>တနင်္လာ | かようび<br>အင်္ဂါ | すいようび<br>ဗုဒ္ဓဟူး | もくようび<br>ကြာသပတေး | きんようび<br>သောကြာ | どようび<br>စနေ |
|---|---|---|---|---|---|---|
| | 8/22 | 8/23 | 8/24 | 8/25 | 8/26 | 8/27 ✕ |
| 8/28 ✕ | 8/29 | 8/30 | 8/31 | 9/1 | 9/2 | |

**【ဂွန်းဂွန်း အတန်း】**(စုစုပေါင်း ၁၇ ကြိမ်)

**gungun class** ဂျပန်ဘာသာစကားကို အနည်းအကျဉ်း လေ့လာသင်ယူဖူးသူ၊ ဝါကုဝါကုအတန်းတွင် သင်ယူလေ့လာဖူးသူများအတွက် စနေနေ့အတန်း ဖြစ်ပါသည်။

- တိုင်းဖွန်းမုန်တိုင်းသတင်းနားလည်ရန်၊ အလှပြင်ဆိုင်သွားရန်၊ ဂျပန်တွင် နေထိုင်မှုဘဝကို အဆင်ပြေ ကျယ်ပြန့်လာစေရန် ဂျပန်စကားပြောကို လေ့လာသင်ယူရပါမည်။ ထို့အပြင် အခမ်းအနား ပွဲ များတွင် ကိုယ်ခံစားရသည်များကို ပြောဆိုနိုင်ရန်၊ အသိမိတ်ဆွေ သူငယ်ချင်းများအဖြစ် မိတ်ဖွဲ့ဆက်သွယ်ရန်၊ အခြားသူများ လူမှုအသိုက်အဝန်းနှင့် အဆက်အသွယ်ပြုရန် လိုအပ်သည့် ဂျပန်စကားကို တတ်မြောက်လာနိုင်သည်။
- ဂျပန်ဘာသာစကားဖြင့် မေးလ်၊ သတင်းစကား၊ အခမ်းအနား ပွဲ အကြောင်းအရာများကို ဖတ်ရှုလာနိုင်မည်။
- ဂျပန်ဘာသာစကားဖြင့် မေးလ်၊ သတင်းစကားများကို ရေးသားလာနိုင်မည်။

**သင်တန်းကာလ** - ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၉ (စနေ) မှ ၂၀၂၃ ဇန်နဝါရီ ၂၈ (စနေ) အထိ
စနေနေ့တိုင်း ၁၀း၀၀ နာရီ - ၁၂း၁၅ နာရီ

**၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၆၊ ဒီဇင်ဘာ ၃၁၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၇ ရက် သင်တန်းပိတ်ပါသည်**

**နေရာ** - ဂတ်ကုရှူးအင်းတက္ကသိုလ် Minami အဆောင် ၁၊ အခန်း ၃၀၃